

ဘာသာပြန် စာရေးဆရာ – အပြုံးလေး

# သိုင်းပါရဂူ

(ချင်းချန်)

(Chapter 5503-5522)

စာစဉ် – ၂၇၆

# အပိုင်း ( ၅၅၀၃ )

*

" အားလုံးပဲ ဒီနေရာက ငါတို့သရဲနန်းတော်ရဲ့ နယ်မြေလေ မင်းတို့ဒီလိုလုပ်တာက အရမ်းများနေပြီ မပုတ်ဘူးလား "

မရဏအရိုးဘိုးဘေး နယ်မြေခေါင်းဆောင်များကိုကြည့်ပြီး အေးစက်သော မျက်လုံးနှင့်အတူ ပြောလိုက်သည်။

" အရမ်းများနေပြီ ဟုတ်လား၊ ဝိညာဥ်ဘုရင် မင်းတစ်ယောက်တည်းနဲ့ ငါတို့အများကြီးကို တွန်းလှန်ချင်တယ်ပေါ့ "

လူအုပ်ထဲမှ မကောင်းဆိုးဝါးသခင်ဝူဂန်က ရှေ့သို့တစ်လှမ်းတိုးလာပြီး ဝိညာဥ်ဘုရင်ကို အထင်အမြင်သေးစွာကြည့်ကာ ပြောလိုက်၏။

" ဝိညာဥ်ဘုရင် မင်းနဲ့သေမင်းနတ်ဘုရားကြားက နစ်နာမှုကိစ္စတွေကို ဂရုမစိုက်ဘူး၊ ဒါပေမဲ့ စွန့်ပစ်နယ်မြေတစ်ခုလုံးက ငါတို့အားလုံးပိုင်တယ်ဆိုတာမမေ့နဲ့၊ စွန့်ပစ်နယ်မြေက ထွက်ခွာဖို့အတွက် တစ်ယောက်ချင်းစီက လျှို့ဝှက်ချက်တွေ ရှာဖွေနေကြတာ၊ ဒါပေမဲ့မင်းကတော့ စွန့်ပစ်နယ်မြေကနေ ထွက်ခွာနိုင်မယ့် လျှို့ဝှက်ချက်တစ်ခုကို တွေ့ရှိလာတာတောင်မှ တစ်ယောက်တည်း တိတ်တိတ်လေး သိမ်းဆည်းထားရဲတယ် "

" ငါတို့ကလွန်တာမဟုတ်ပဲ မင်းကလွန်နေတာကွ "

မကောင်းဆိုးဝါးသခင်ဂူဂန်၏လေသံက အလွန်တရာ ဒေါသများဖြင့် ပြည့်နှက်နေသည်။

ထိုစကားကိုကြားသောအခါ နတ်ဆိုးအိုကြီးရွှမ်ဇီက မျက်နှာမဲသဲသွားပြီး ရှေ့သို့ခြေတစ်လှမ်းတိုးလာ၏။

" ဂူဂန် ဒီနေရာက ညီအစ်ကိုစန်းမင် နှစ်ပေါင်းများစွာ ကျင့်ကြံတဲ့နေရာတစ်ခုပဲ၊ ပြီးတော့ ညီအစ်ကိုစန်းမင် ကိုယ်ပိုင်နယ်မြေ၊ အခြားလျှို့ဝှက်ချက်တွေ ဘာမှမရှိဘူး "

မကောင်းဆိုးဝါးသခင်ဂူဂန်သည် နတ်ဆိုးအိုကြီးရွှမ်ဇီ၏စကားကို ကြားသောအခါ တဟားဟားဖြင့် ဟားတိုက်ကာ ရယ်မောလိုက်သည်။

" ဟား .. ဟား ဒီနေရာက ဝိညာဥ်ဘုရင် ကျင့်ကြံတဲ့နေရာ ဟုတ်လား၊ ရွှမ်ဇီ မင်းငါ့ကို အရူးတစ်ယောက်လို့ ထင်နေတာတော့ မဟုတ်ဘူးမလား၊ ကြည့်ရတာမင်းက ငါတို့အားလုံးကို ဉာဏ်မရှိတဲ့ကောင်တွေလို့ ထင်နေပုံပဲ "

ထိုစကားကြားသောအခါ နတ်ဆိုးအိုကြီးရွှမ်ဇီ၏ မျက်နှာကလဲ ပျက်ယွင်းသွားခဲ့၏။

" ဟမ့် ဂူဂန်ပြောတာအမှန်ပဲ ဝိညာဥ်ဘုရင်စန်းမင် မင်းကငါ့လူကို သတ်ရုံတင်မကဘူး ငါ့ရဲ့မရဏစမ်းရေကိုလည်း တိတ်တဆိတ်လေး သိမ်းပိုက်သွားတယ်၊ ပြီးတော့ ဒီလိုမျိုး စွန့်ပစ်နယ်မြေကနေ ထွက်ခွာနိုင်မယ့် အခွင့်အရေး လျှို့ဝှက်ချက်ကိုလည်း ဖွက်ထားရဲသေးတယ်ပေါ့ "

တစ်ဖက်တွင် သေမင်းနတ်ဘုရားကလဲ မီးတောက်ကို ဓာတ်ဆီဖြင့် ထပ်လောင်းနေသည်။

" အားလုံးပဲ ဒီကောင်နဲ့စကားပြောနေတာက အချိန်ပွါယ်မဲ့တာပဲ၊ သူ့ကို

တိုက်ရိုက်သတ်ပြီးတော့ ဒီမှာဘာတွေဖြစ်နေတယ်ဆိုတာကို ငါတို့စုံစမ်းရမယ် "

သေမင်းနတ်ဘုရားက တံစဥ့်ကိုမြှောက်လိုက်ပြီး အေးစက်သော သေမင်းစွမ်းအားများကို ထုတ်ဖော်ကာ ပြောလိုက်၏။

ယခုအချိန်တွင် ဒေါသအထွက်ဆုံးနှင့် မကျေနပ်ဆုံးသူမှာ သေမင်းနတ်ဘုရားတစ်ယောက်တည်းသာဖြစ်သည်။

သရဲနန်းတော်၏ အနက်ရှိုင်းဆုံးနေရာတွင် ဤကဲ့သို့ လျှို့ဝှက်ချက်ရှိမည်ဟု သူလုံးဝ မထင်မှတ်ထားပေ။ ထိုအချက်ကိုသာ သိမည်ဆိုလျှင် သရဲနန်းတော်ကို ပေါ်တင်တိုက်ခိုက်ခဲ့မယ်မဟုတ်ပဲ အလစ်ခိုးဝင်ကာ သိမ်းပိုက်ခဲ့မည်ဖြစ်၏။ ထိုသို့သာဆိုလျှင် နယ်မြေခေါင်းဆောင်များကလဲ ဤကိစ္စကို သိရှိတော့မည်မဟုတ်ချေ။

မူလက ဤနေရာတွင်ရှိသော အရာအားလုံးမှာ သူ၏အပိုင်သာဖြစ်သည်။ သို့သော်ယခုတော့ နယ်မြေခေါင်းဆောင်များအားလုံး သိရှိသွားပြီဖြစ်သဖြင့် ထိုအရာများကို သူနှင့်သွေးမိစ္ဆာတို့ နှစ်ယောက်လုံးက လက်ဝါးကြီးအုပ်နိုင်တော့မည် မဟုတ်ပေ။

ထို့ကြောင့် ဆုံးရှုံးမှုများစွာထဲက အမြတ်ရအောင်လို့ ထိုသူများ၏ လက်ကို ငှားပြီး ဝိညာဥ်ဘုရင်ကို သတ်လိုက်သည်က ပို၍ကောင်းမွန်၏။

ထိုအတွေးများနှင့်အတူ သေမင်းနတ်ဘုရားက ကျန်သူများကို ထပ်မံ၍ တိုက်တွန်းလိုက်သည်။

" လူတိုင်း ဒီနေရာမှာရှိနေတဲ့ ဟင်းလင်းပြင်စွမ်းအားကို မင်းတို့လဲ ခံစားဖူးမှာပေ့ါ၊ အဲ့ဒီဟင်းလင်းပြင်စွမ်းအားက တော်တော်လေးကိုထူးခြားတယ်၊ ဒါကစွန့်ပစ်နယ်မြေရဲ့ သဘာဝရတနာတစ်ခု ကျိန်းသေပေါက် အသေချာပဲ၊

ဒီရတနာက စွန့်ပစ်နယ်မြေကနေ ထွက်ခွာရမယ့် လျှို့ဝှက်ချက်တစ်ခု တောင်မှ ဖြစ်ရင်ဖြစ်လာနိုင်တယ် "

" ပြီတော့ ဝိညာဉ်ဘုရင် မရဏစမ်းရေကို ထိန်းချုပ်နိုင်တာကလဲ ဒီနေရာက လျှို့ဝှက်ချက်ကြောင့် ဖြစ်ဖို့များတယ် "

" ပြီတော့ အခုတစ်ခေါက် ဝိညာဉ်ဘုရင်ထုတ်ဖော်လာတဲ့ခွန်အားက သူအရင်တုန်းက ရှိတဲ့ခွန်အားထက် အများကြီးပိုပြီး ကြောက်စရာကောင်းတာကို ရိပ်မိကြမှာပေ့ါ၊ ပြီတော့ နတ်ဆိုးအိုကြီးရွှမ်ဇီရောပဲ၊ အဲ့အတွက် ဒီနေရာမှာ ဘာလျှို့ဝှက်ချက်ကို ဖုံးကွယ်ထားလဲဆိုတာ ငါတို့သေချာပေါက်နားလည်မှဖြစ်တော့မယ် "

သေမင်းနတ်ဘုရား၏ စကားများက တစ်စုံတစ်ခုကို အရိပ်အမြွက် ပြနေသကဲ့သို့ လူတိုင်း၏ မျက်လုံးများကို မှိတ်တုတ်မှိတ်တုတ် ဖြစ်သွားစေ၏။

ထို့အပြင် သေမင်းနတ်ဘုရား ပြောသည်မှာ မှန်သည်။ ဝိညာဉ်ဘုရင် ယခုနတိုက်ပွဲတွင် ပြသခဲ့သောခွန်အားက ယခင်သူပိုင်ဆိုင်ထားသည့် ခွန်အားထက် များစွာကြောက်စရာကောင်းသည်ကို လူတိုင်းပြန်တွေးမိလိုက်ကြ၏။

ယခင်ကဆို ဝိညာဉ်ဘုရင်မှာ ကြယ်သုံးပွင့်နိဗ္ဗာန်အဆင့် ကျင့်ကြံသူတစ်ယောက်ဖြစ်သော်လည်း နယ်မြေခေါင်းဆောင်များကြားထဲတွင် တိုက်ခိုက်ခြင်းစွမ်းအား အလယ်အလတ်အဆင့်ခန့်သာ သတ်မှတ်လို့ရသည့်သူဖြစ်သည်။ သို့သော် ယခုဝိညာဉ်ဘုရင် ထုတ်ဖော်ပြသလာသည့် ခွန်အားက သေမင်းနတ်ဘုရားလို တိုက်ခိုက်ခြင်းစွမ်းအား ထိပ်ဆုံးအဆင့်တွင်ရှိသော သူများနှင့်ပင် နှိုင်းယှဉ်နိုင်စွမ်း ရှိနေခဲ့၏။

ကြယ်သုံးပွင့်နိဗ္ဗာန်အဆင့်သို့ ရောက်ရှိထားသော လူများအကုန်လုံးက မည်သည့်အခွင့်အလမ်းမှ မရှိပဲနှင့် ဤကဲ့သို့ခွန်အားကို မြှင့်တင်နိုင်မည်

မဟုတ်ပေ။

ဝိညာဥ်ဘုရင်သည် ဤနေရာတွင် လျှို့ဝှက်ချက်ကို တွေ့ရှိခဲ့သော်လည်း တိတ်တဆိတ်ဖြင့် သူ့အကျိုးအတွက် အသုံးချနေပြီး ခွန်အားကို ကြိတ်ကာ မြှင့်တင်နေခြင်း ဖြစ်ပုံရသည်။

နယ်မြေခေါင်းဆောင်များ၏ မျက်လုံးထဲမှ အတွေးမီးတောက်များကိုမြင်သောအခါ သေမင်းနတ်ဘုရားက လူတိုင်း၏စိတ်ထဲတွင် သံသယများ ပိုကြီးထွားလာပြီဆိုတာကို နားလည်လိုက်၏။

" အကုန်လုံးပဲ ငါတို့က စွန့်ပစ်နယ်မြေမှာ နယ်မြေခေါင်းဆောင်တွေဖြစ်ပေမဲ့ အကုန်လုံးမှာရှိတဲ့ ရည်မှန်းချက်က တစ်ခုတည်းပဲ၊ အဲ့တာက စွန့်ပစ်နယ်မြေက ထွက်ခွာဖို့၊ ဒါပေမဲ့ ဒီကောင်ဝိညာဥ်ဘုရင်စန်းမင်ကတော့ မရဏာစမ်းရေကို ထိန်းချုပ်နိုင်တဲ့ လျှို့ဝှက်ချက် တွေ့ရှိထားတာတောင်မှ ဒီနေရာမှာ သူတမင်တကာ လျှို့ဝှက်ပြီး သိမ်းပိုက်ထားတယ်၊ ဒီလိုလုပ်ရတဲ့ အကြောင်းအရင်းက ငါတို့အကုန်လုံး ပင်လယ်သေတားမြစ်နယ်မြေကို ဖွင့်တဲ့အချိန်မှာ မရဏာစမ်းရေ ထိန်းချုပ်နိုင်စွမ်းကို အသုံးချပြီးတော့ အကုန်လုံးကို သတ်ဖြတ်ဖို့ ကြံရွယ်နေတာများလား "

ထိုစကားကြားလျှင် နဂါးနက်ဘိုးဘေးနှင့် ကျန်သူများ၏ ခန္ဓာကိုယ်က တုန်ခါသွားကြသည်။

ယခုနက သေမင်းနတ်ဘုရားကို ဝိညာဥ်ဘုရင်နှင့် နတ်ဆိုးအိုကြီးရွှမ်ဇီတို့နှစ်ယောက် ထောင်ချောက်ဆင် တိုက်ခိုက်ခဲ့သည့် နည်းစနစ်များကို ပြန်တွေးကြည့်လိုက်လျှင် ဝိညာဥ်ဘုရင်သာ ပင်လယ်သေတားမြစ်နယ်မြေထဲ၌ သူတို့ကို ထိုကဲ့သို့ အလစ်ဖမ်းတိုက်ခိုက်ပါက မည်သူက ခံနိုင်ရည်ရှိမည်နည်း။

သူတို့မသေလျှင်တောင်မှ ဒဏ်ရာအပြင်းအထန် ရရှိသွားနိုင်၏။

ဝိညာဥ်ဘုရင်၏ စိတ်ထဲတွင် ထိုကဲ့သို့အတွေးများ ရှိ မရှိကို မည်သူကမှ အာမခံရဲခြင်း မရှိပေ။

ချက်ချင်းပင် ပတ်ဝန်းကျင်ရှိ လေထုက အေးစက်သွားပြီး နယ်မြေခေါင်းဆောင်များအားလုံး ဝိညာဥ်ဘုရင်နှင့် နတ်ဆိုးအိုကြီးရှမ်ဇီကို ကြည့်လာသည့် အကြည့်ကလည်း သတ်ဖြတ်ခြင်းဆန္ဒများပင် ပါဝင်လာသည်။

လေထုက အေးစက်လာသည်ကို မြင်သောအခါ သေမင်းနတ်ဘုရား ထပ်မံ၍ အဆင်းကို ဘီးတပ်ပေး၏။

" အားလုံးပဲ ဝိညာဥ်ဘုရင်နဲ့ နတ်ဆိုးအိုကြီးရှမ်ဇီတို့ နှစ်ယောက်လုံးက ခေါင်းမာတဲ့သူတွေ၊ ငါတို့အနေနဲ့ သူတို့ကို ညှိနှိုင်းလို့ရမှာမဟုတ်ဘူး၊ အဲ့တော့ ငါတို့အားလုံးပေါင်းပြီး သူ့ကိုသတ်မလား ဖမ်းမလားဆိုတာကို ဆုံးဖြတ်ကြ၊ ဒီဟင်းလင်းပြင် အကာအကွယ်ရဲ့နောက်မှာ ဘာတွေရှိလဲဆိုတာကို ငါတို့ အမြန်သိမှရမယ် "

***

အပိုင်း ( ၅၅၀၄ )

*

သေမင်းနတ်ဘုရား လှောင်ပြုံးနှင့်အတူ မရဏအရိုးဘိုးဘေးတို့ကို စိုက်ကြည့်လိုက်၏။

သူ၏မူလအစီအစဉ်က ဝိညာဉ်ဘုရင်နှင့် နတ်ဆိုးအိုကြီးရှမ်ဇီ နှစ်ယောက်ကို သွေးမိစ္ဆာနှင့်ပူးပေါင်းပြီး သတ်ဖြတ်ရန်ဖြစ်သည်။

သို့သော် ဝိညာဉ်ဘုရင်က ဤမျှအစွမ်းထက်မည်ဟု လုံးဝမမျှော်လင့်ထားပေ။

သူနှင့်သွေးမိစ္ဆာ ပေါင်းလိုက်လျှင်ပင် ဤနှစ်ယောက်ကို သတ်ဖြတ်ရန်က လုံးဝခက်ခဲသွားပြီဖြစ်၏။

သေမင်းနတ်ဘုရား၏ အကြံပြုချက်ကြောင့် လူတိုင်း၏မျက်လုံးထဲ၌ အတွေးမျိုးစုံ ထွက်ပေါ်လာ၏။

နယ်မြေခေါင်းဆောင်ဖြစ်လာသော လူများအားလုံးက ဉာဏ်နည်းသူတစ်ယောက်မှ မပါဝင်ချေ။

ယခုအချိန်တွင် သူတို့က တစ်ဖက်ဖက်ကို ရွေးရမည်ဆိုတာကို နားလည်သည်။

" ဟား .. ဟား သေမင်းနတ်ဘုရားပြောတာအမှန်ပဲ "

" ဝိညာဉ်ဘုရင်က လျှို့ဝှက်ချက်တွေ အကုန်လုံးကို တစ်ယောက်တည်း

သိမ်းပိုက်ထားတည်းကိုက သူကတော်တော်လေးကို လွန်သွားပြီ "

မကောင်းဆိုးဝါးသခင်ပူဂန်က အေးစက်စွာဖြင့်ပြောပြီး အရင်ဆုံး ရှေ့သို့ တိုးလာ၏။

" ငါ့အမြင်အရတော့ ဝိညာဥ်ဘုရင်က ဒီလိုလျှို့ဝှက်ထားတာ ပင်လယ်သေတားမြစ်နယ်မြေထဲ ငါတို့ကို အလစ်တိုက်ခိုက်ဖို့လို့ထင်တယ်၊ အဲ့တော့ ငါတို့အားလုံး ဘာကိုစောင့်နေဦးမှာလဲ၊ အကုန်လုံး ပူးပေါင်းပြီး သူ့ကိုသတ်ကြမယ် "

စကားဆုံးသည်နှင့် သူ၏လက်ထဲ၌ အနက်ရောင်ချည်မျှင်များ ထွက်ပေါ်လာသည်။

ထိုအနက်ရောင်ချည်မျှင်များက အသက်ရှိနေပုံပေါ်ပြီး ဝိညာဥ်ဘုရင်စန်းမင်ဆီသို့ ချက်ချင်းပြေးဝင်လာ၏။

တစ်စုံတစ်ယောက်က ဂရုတစိုက် သေချာကြည့်မည်ဆိုလျှင် အနက်ရောင်ချည်မျှင်များထဲ၌ မရေတွက်နိုင်သော ပိုးကောင်လေးများ ကပ်တွယ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုပိုးကောင်လေးများထဲမှ အလွန်ဆိုးရွားသော အရှိန်အဝါများ ထွက်ပေါ်နေ၏။

ထိုပိုးကောင်လေးများ၏ အနီရောင်မျက်လုံးများကလဲ လူတိုင်းကို ကြည့်ရှုရုံဖြင့် နှလုံးသားကို ကျင်ခနဲ ခံစားသွားရစေမည်ဖြစ်သည်။

ထိုသေးငယ်သော ပိုးကောင်လေးအများအပြားက အနက်ရောင်ပိုးချည်မျှင်ကို ကပ်တွယ်နေကြခြင်းလည်းဖြစ်၏။

၎င်းအနက်ရောင်ချည်မျှင်က ဝိညာဥ်ဘုရင်၏ ပတ်ပတ်လည်လေဟာနယ်ကို စက်ဝိုင်းသဏ္ဍာန် ဝန်းရံသွားခဲ့ပြီး ဝိညာဥ်ဘုရင်ကို ရစ်ပတ်ရန် ကြိုးစားသည်။

ဝိညာဥ်ဘုရင်က ထိုမြင်ကွင်းကို တွေ့သောအခါ ဟမ့်ခနဲ နှာခေါင်းရှုတ်လိုက်ပြီး သူ၏ပတ်ပတ်လည်၌ တစ္ဆေချီများက မုန်တိုင်းတစ်ခုလို ဖြစ်ပေါ်လာ၏။

တအုန်းအုန်းပေါက်ကွဲသံများ ထွက်ပေါ်လာပြီး အနက်ရောင်ချည်မျှင်များနှင့် တစ္ဆေချီများက ထိပ်တိုက်တွေ့ဆုံသွားကာ အနက်ရောင်ချည်မျှင်များ ပိတ်ဆို့ခြင်းခံလိုက်ရသည်။

သို့သော်လဲ အနက်ရောင်ချည်မျှင်များက ပျက်စီးခြင်းမရှိပဲ အနောက်သို့ ဆုတ်သွားပြီး မကောင်းဆိုးဝါးသခင်ဂူဂန်၏လက်တွင် ပြန်လည်ရစ်ပတ်သွားကြ၏။

မကောင်းဆိုးဝါးသခင်ဂူဂန် အနောက်သို့ခြေနှစ်လှမ်းဆုတ်လိုက်ပြီး သူ၏မျက်နှာအမူအရာက လေးနက်တည်ကြည်သွားသည်။

ယခုအချိန်တွင် သေမင်းနတ်ဘုရားနှင့် ဝိညာဥ်ဘုရင်က အဘယ့်ကြောင့် ဤကဲ့သို့ သူတစ်ပြန်ကိုယ်တစ်ပြန် တိုက်ခိုက်နိုင်သည်ဆိုတာကို နားလည်သွား၏။ ဝိညာဥ်ဘုရင်၏ သန်မာမှုက သူထင်ထားသည်ထက်ပင် ပို၍အစွမ်းထက်နေခဲ့သည်။

" အားလုံးပဲ မင်းတို့ဘာတွေစောင့်နေတာလဲ၊ ဒီဟင်းလင်းပြင်အလွှာ အနောက်က ရတနာကို စိတ်မဝင်စားကြဘူးလား၊ မင်းတို့စိတ်မဝင်စားဘူးဆိုလဲ ဒီရတနာကို ငါတစ်ယောက်တည်းပဲ ယူလိုက်တော့မယ် "

မကောင်းဆိုးဝါးသခင်ဂူဂန် ထိုသို့ပြောလိုက်ပြီး သူ၏လက်ကို မြှောက်လိုက်လျှင် အနက်ရောင်ကြိုးများက ထွက်ပေါ်လာပြန်၏။ ယခုတစ်ခေါက်တွင် အနက်ရောင်ကြိုးများ၏ အရေအတွက်က ယခင်ကထက်များပြားသည်။ တစ်ခဏအတွင်း ထူထပ်သော အနက်ရောင်ကြိုးများက ဆံပင်များကဲ့သို့ လေဟာနယ်မှတစ်ဆင့် ဝိညာဥ်ဘုရင်ဆီသို့ တိုးဝင်

သွား၏။

" သောက်ရူးတွေ "

ဝိညာဉ်ဘုရင် ဒေါသတကြီး ကျိန်ဆဲလိုက်ပြီး ထိုအနက်ရောင်ချည်မျှင်များကို ခုခံရန်အတွက် သူ၏ဒိုမိန်းကို တိုက်ရိုက်ထုတ်လွှတ်လိုက်သည်။

သို့သော်လဲ အနက်ရောင်ချည်မျှင်များက ဝိညာဉ်ဘုရင်၏ ဒိုမိန်းကို အပ်လေးများကဲ့သို့ အလွယ်တကူ ထိုးဖောက်သွားခဲ့၏။

ထို့နောက် အနက်ရောင်ချည်မျှင်များက ဝိညာဉ်ဘုရင်၏ ခန္ဓာကိုယ်ကို ထိုးစိုက်သွားပြီး အနက်ရောင်ချည်မျှင်တွင် ပါဝင်သော ပိုးကောင်လေးများက သူ၏အသားကို ကိုက်စားကာ ဝါးမြိုတော့သည်။

တစ်ခဏအတွင်း ဝိညာဉ်ဘုရင်၏ အသားအရေက ထိုချည်မျှင်များ ထိုးဖောက်ခံရသည့် နေရာတွင် အဆိပ်တက်သကဲ့သို့ အနက်ရောင်အဖြစ် ပြောင်းလဲသွား၏။

ဤအရာက မကောင်းဆိုးဝါးသခင်ဂူဂန်၏ အရာအားလုံးကို ဝါးမြိုနိုင်သော ဝိညာဉ်ပိုးကြိုးစွမ်းအားဖြစ်သည်။

" ဟား .. ဟား မင်းတို့ဘာတွေ စောင့်နေတာလဲ ဒီနှစ်ကောင်ကို အမြန်ဆုံးဖြေရှင်းကြမယ် "

ဂူဂန်၏တိုက်ခိုက်မှု အောင်မြင်သွားသည်နှင့် သေမင်းနတ်ဘုရားက တဟားဟားအော်ရယ်လိုက်ပြီး မရဏတံစဉ်ကိုမြှောက်ကာ ခုတ်ပိုင်းချလိုက်၏။ ကြီးမားသော တံစဉ်ပုံရိပ်ကြီးက ကောင်းကင်ထက်တွင် ထွက်ပေါ်လာခဲ့ပြီး မရဏအရိုးဘိုးဘေး၏ ဒိုမိန်းနယ်မြေကို တိုက်ရိုက်ထိမှန်သည်။

ခရက်ခနဲအက်ကွဲသံနှင့်အတူ မရဏအရိုးဘိုးဘေး၏ ဒိုမိန်းနယ်မြေတွင်

သေးငယ်သော အပေါက်တစ်ခု ဖြစ်ပေါ်လာ၏။

ဒိုမိန်းနယ်မြေတစ်ခုလုံးက ပြင်းထန်စွာ တုန်ခါသွားသည်။

" အစ်ကိုစန်းမင် သတိထားဦး "

နတ်ဆိုးအိုကြီးရှမ်ဇီက ချက်ချင်းပင် ဝိညာဥ်ဘုရင်ကို သတိပေးလိုက်ပြီး သေမင်းနတ်ဘုရားထံသို့ ပြေးဝင်၏။

" ဟမ့် နတ်ဆိုးအိုကြီးရှမ်ဇီ မင်းရဲ့ပြိုင်ဘက်ကငါပဲ၊ ငါမင်းနဲ့ကစားပေးမယ် "

ထိုအချိန်တွင် သွေးမိစ္ဆာက လှုပ်ရှားလိုက်ပြီး တစ်ကိုယ်လုံးက အဆုံးမဲ့သော သွေးပင်လယ်အဖြစ် ပြောင်းလဲသွားကာ နတ်ဆိုးအိုကြီးရှမ်ဇီကို ဝန်းရံထားသည်။

အခြားနယ်မြေခေါင်းဆောင်များထဲတွင် နှစ်ယောက်က အရှေ့သို့ခြေတစ်လှမ်းတိုးကာ လှုပ်ရှားလာကြ၏။

တစ်ယောက်က အလွန်ကြီးမားသော ပြိတ္တာခန္ဓာကိုယ်အဖြစ် ပြောင်းလဲသွားပြီး နောက်တစ်ယောက်ကတော့ ကလေးမျက်နှာကိုးခုပါဝင်သော တစ္ဆေတစ်ကောင်အဖြစ် ပြောင်းလဲသွားသည်။

သူတို့အားလုံး၏ တိုက်ခိုက်မှုအောက်တွင် ဟင်းလင်းပြင်က အရပ်မျက်နှာအနှံ့သို့ ပြန့်ကြဲသွားပြီး သူတို့၏စွမ်းအားကို တောင့်ခံနိုင်ခြင်း မရှိပေ။

ထိုထဲတွင် ခေါင်းကိုးလုံးရှိသောတစ္ဆေက အရင်ဆုံး လှုပ်ရှားလာ၏။ သူ၏ခေါင်းကိုးလုံးတွင် ထူးဆန်းသော မျက်နှာများရှိသည်။

တချို့ပြုံးနေကြပြီး တချို့ကငိုနေကြ၏။

တချို့ကပျော်ရွှင်နေကြသည်။

တချို့ကဒေါသဖြစ်နေကြပြီး မျက်နှာအမူအရာများက တူညီခြင်းမရှိပေ။ ခံစားချက်အမျိုးမျိုး ပါဝင်နေကြ၏။

ပြိတ္တာလိုတစ္ဆေခန္ဓာကိုယ်နှင့် ကျင့်ကြံသူကလည်း သူ၏လက်ကို မြှောက်လိုက်သည်နှင့် အနက်ရောင်စက်ဝိုင်း မရဏရတနာတစ်ခုက ထွက်ပေါ်လာခဲ့ပြီး ထိုအနက်ရောင်စက်ဝိုင်းက ဓားသွားစက်ကြီးတစ်ခုလို လျင်မြန်စွာလည်ပတ်သွားကာ ကြောက်စရာကောင်းသောအရှိန်နှုန်းဖြင့် မရဏအရိုးဘိုးဘေး၏ ဒိုမိန်းနယ်မြေကို ထိမှန်သွားသည်။

" ပြိတ္တာဘိုးဘေးနဲ့ ကိုးမျက်နှာကလေးတစ္ဆေတို့က လှုပ်ရှားပြီ "

ထိုနှစ်ယောက် ဝင်ရောက်တိုက်ခိုက်လာမှုက မရဏအရိုးဘိုးဘေးကို ပို၍ပင် ဘေးကြပ်နံကြပ် ဖြစ်သွားစေ၏။

တိုက်ခိုက်မှုများစွာက အရပ်မျက်နှာအနှံ့ကနေ သူ့ဆီသို့ ဆက်တိုက်ဝင်ရောက်နေသည်။

မရဏအရိုးဘိုးဘေးဝမ်ကူ ချက်ချင်းပင် မရစမ်းရေကို ဆင့်ခေါ်လိုက်၏။ ထိုမရဏစမ်းရေက သူ၏ပတ်ပတ်လည်တွင် ဝန်းရံသွားခဲ့ပြီး တိုက်ခိုက်လာမှုများကို ကာကွယ်သည်။

အနက်ရောင်ချီများက မရဏစမ်းရေနှင့် ထိတွေ့လိုက်သည်နှင့် ချက်ချင်းပင် တီကိုဆားဖြင့်တို့လိုက်သည့်အလား တွန့်လိမ်သွား၏။

တဖျစ်ဖျစ်အော်မြည်သံများ ထွက်ပေါ်လာပြီး မရဏစမ်းရေ၏ သတ်ဖြတ်ခြင်းဆန္ဒအောက်တွင် အနက်ရောင်ပိုးချည်မျှင်၌ တွယ်ကပ်နေသောပိုးကောင်များက တဖြုတ်ဖြုတ်ဖြင့်သေဆုံးကာ အောက်သို့ပြုတ်ကျသွားသည်။

စူးရှပြီး နာကျင်စွာ အော်ဟစ်သံများကလည်း ထွက်ပေါ်လာ၏။

သို့သော်လဲ ဝိုင်းဝန်းတိုက်ခိုက်သည်က နယ်မြေခေါင်းဆောင်လေး ယောက်ဖြစ်သည်။

သေမင်းနတ်ဘုရား၊ ပြိတ္တာဘိုးဘေးနှင့် ကိုးမျက်နှာတစ္ဆေတို့၏ တိုက်ခိုက်မှုများက မရဏအရိုးဘိုးဘေးဆီသို့ အရပ်မျက်နှာ သုံးခုကနေ ဆက်လက်ဝင်ရောက်လာ၏။

ကျယ်လောင်သော ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး နယ်မြေခေါင်းဆောင်များ၏ ဖိအားပေးတိုက်ခိုက်မှုအောက်တွင် မရဏစမ်းရေက ပြန့်ကြဲသွားခဲ့သည်။ ထို့နောက် မရဏအရိုးဘိုးဘေးကိုယ်တိုင်လည်း လွင့်ထွက်သွားခဲ့ပြီး အနက်ရောင်သွေးများ ပါးစပ်မှ ဝေ့ခနဲအန်ထွက်လာ၏။

" ချီးပဲ "

မရဏအရိုးဘိုးဘေး အလွန်ဒေါသထွက်သွားသည်။ ဝိညာဥ််ဘုရင်၏ ခန္ဓာကိုယ်က သူ၏စွမ်းအားများကို အကန့်အသတ်နှင့်သာ ထုတ်ဖော်နိုင်စွမ်းရှိ၏။

ထိုအချိန်တွင် ရပ်ကြည့်နေသော နယ်မြေခေါင်းဆောင်များ၏ မျက်လုံးထဲ၌ သတ်ဖြတ်ချင်စိတ်များကို မြင်လိုက်သောအခါ သူ၏စိတ်များ ပိုမိုလေးနက်သွားသည်။

ကျင့်ကြံအဆင့် မည်မျှအားကောင်းနေပါစေ လက်ရှိအခြေအနေဖြင့် ဤလူများကို ရင်ဆိုင်ရန် မလွယ်ကူချေ။ သူအထွတ်အထိပ်အခြေအနေတွင်ရှိလျှင် ဤလူများအကုန်လုံးကို တစ်စစီ စွဲဖြဲလို့ရ၏။

လက်ရှိ သူ့ အခြေအနေက ခွေးများဝိုင်းအနိုင်ကျင့်ခံနေရသော ကျားတစ်ကောင်နှင့် တူညီနေခဲ့သည်။

" သတ် "

တစ်ဖက်တွင် သေမင်းနတ်ဘုရားက တော်တော်လေး ပျော်ရွှင်နေခဲ့ပြီး သူ၏လက်ထဲမှ သေမင်းတံစဥ့်ကိုမြှောက်၍ မရဏအရိုးဘိုးဘေးကို အပြင်းအထန် တိုက်ခိုက်လာပြန်၏။

မကောင်းဆိုးဝါးသခင်ဂူဂန်၊ ပြိတ္တာဘိုးဘေးနှင့် ကိုးမျက်နှာတစ္ဆေတို့က လည်း နှောင့်နှေးခြင်းမရှိကြပေ။

သူတို့လေးယောက် ပူးပေါင်းတိုက်ခိုက်မှုအောက်တွင် မရဏအရိုးဘိုး ဘေး၏ ခန္ဓာကိုယ်၌ ဒဏ်ရာဒဏ်ချက်များက ထပ်မံထွက်ပေါ်လာခဲ့ပြီး သွေးများ ထပ်မံအန်ထွက်သွားပြန်၏။

" ချီးပဲ "

မရဏအရိုးဘိုးဘေး ဒေါသတကြီးဖြင့် ကျိန်ဆဲလိုက်သည်။

ဤနေရာတွင် ယခုလိုသာ ဆက်နေမည်ဆိုလျှင် သူလုံးဝသေဆုံးရမည် ဖြစ်၏။

သို့သော်လဲ ပြင်ပကမ္ဘာကိုထွက်ရန် လမ်းကြောင်းကို ရှာဖွေလိုက်သည့် အချိန်တွင် ကျန်နယ်မြေခေါင်းဆောင်များက ထွက်ခွာရန်လမ်းကြောင်းများ အားလုံး ပိတ်ဆို့ထားသည်ကို တွေ့လိုက်ရသည်။

ထိုသူများက ဝင်တိုက်ခြင်းမရှိသော်လည်း သူ့ကိုလွှတ်မြောက်ပေးချင်ပုံ တော့ မရချေ။

သူသာထွက်ပြေးရန် ကြိုးစားသည်နှင့် ထိုသူများအကုန်လုံးက သူ့ကို တားဆီးရန် ကြိုးစားမည်ဖြစ်၏။

တစ်ဖက်၌ နတ်ဆိုးအိုကြီးရှမ်ဇီကလည်း သွေးမိစ္ဆာ၏ ဝန်းရံပိတ်ဆို့ခြင်း ကို ခံထားရသည်။ သူကျင့်ကြံထားသော နတ်ဆိုးစွမ်းအားက သွေးမိစ္ဆာ၏ ထူးဆန်းသော မှော်စွမ်းအားကို ယှဥ့်လို့မရချေ။

သူ့ကိုမရဏာစမ်းရေက မကာကွယ်ထားလျှင် နဂိုကတည်းက ဒဏ်ရာအပြင်းအထန် ရရှိနေပြီဖြစ်၏။

ငရဲမြစ်အင်ပါယာ၏ လက်အောက်တွင် ကြီးကျယ်ခမ်းနားသော ဗိုလ်ချုပ်ခုနစ်ယောက်ထဲက တစ်ယောက်ဖြစ်သည့် သူက ယခုလိုအခြေအနေမျိုး တစ်ခါမှမကြုံဖူးချေ။

" သခင်လေးချန် ဘယ်မှာလဲဟင်၊ ဒီလက်အောက်ငယ်သားက ဘာဆက်လုပ်ရမလဲဆိုတဲ့ အကြံဉာဏ်တစ်ခုကို လိုအပ်နေပြီ "

***